

# အရှင်ဆန္ဒာဓိက

## နို့နှစ်လုံးဖိုးလုံးကျေပါတယ်

# စာရေး သူကိုယ်ရေး အကျဉ်း

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

၁၉၆၈ ခုနှစ် ၊ ဇန်နဝါရီလ (၉) ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့ မြစိမ်းရောင် သူဌေးကုန်းရပ်ကွက်၌ ခမည်း တော် ဦးစိန်ဝင်း၊ မယ်တော် ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။

၁၉၈၄ ခုနှစ် တွင် ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့၊ အထက(၁)မှ ခြောက် ဘာသာ(ဘာသာစုံ) ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယရလျက် အောင် မြင်သည်။ သုံးထပ်ကွမ်းလူရည်ချွန်အ ဖြစ် ၈တန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ် ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။

၁၉၈၄ ခုနှစ် ၊ ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ ပြီးအမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိယတ္တိစာပေများ လေ့လာ ဆည်းပူးခဲ့သည်။

၁၉၉၂ ခုနှစ် တွင် ပထမကျော်ဘွဲ့ နှင့် ၁၉၉၅ ခုနှစ် တွင် ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။

၁၉၉၈ ခုနှစ် တွင် အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ်အ ဖြစ် တစ်ယောက် တည်းနေ တစ်စိတ်တည်းထား စာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။

ယခုအခါ သထုံမြို့ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ဧကစာရီတောရဆောက်တည်လျက် ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်လျက် ရှိသည်။ ။

******

# နွေးထွေးမေတ္တာ တုံ့ပြန်စာ

တစ်စုံ တစ်ယောက် ဆီကို

တကူးတက စာရေး တယ်ဆိုတာ

နွေးထွေးတဲ့ မေတ္တာတရားတွေ

အင်အားကြီးမားလွန်းလို့ပါ။

ဦးဇင်းရေး တဲ့ စာအုပ်တွေ နဲ့

ပတ်သက်လို့ပဲ ဖြစ် ဖြစ်၊

ကိုယ့်ရဲ့ လက်တွေ့ဘဝထဲက

စိတ်နေစိတ်ထား

ကျင့်ကြံနေထိုင်ပုံတွေ နဲ့

ပတ်သက်လို့ပဲ ဖြစ် ဖြစ်

ပေးစာရေး လာကြသူအားလုံးကို

ကျေးဇူးအထူးတင်ရှိပါတယ်။

မျိုး ဆက်သစ်တွေ ကို

ဦးစားပေးတဲ့အနေနဲ့

လူငယ်သုံးဦးရဲ့ ပေးစာတွေ ကို

ပြန်စာနဲ့တကွ ပွဲဦးထွက်

ဖော်ပြပေးလိုက် ပါတယ်။

အားလုံး ကျေနပ်ကြမှာ ပါ။

မေတ္တာဖြင့်

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

******

# အချစ်ကြီးလွန်းသူ

အရှင်ဘုရား . . .

အရှင်ဘုရားထံ စာတစ်ခါမှ မရေး ဖူး၍ အမှား ပါရင် ခွင့်လွှတ် တော် မူပါလို့ ပထမဦးဆုံး တောင်းပန်ပါရစေ။

အရှင်ဘုရားရဲ့ စာအုပ်ကို ကိုးတန်းကျောင်းသားဘဝတည်းက ဖတ်ဖူးခဲ့တာပါ။ အဲဒီ အချိန်တုန်းက အရှင်ဘုရားရဲ့ ပညာရေး အောင်မြင် မှု တွေ ကို အထင်ကြီးလေးစားခဲ့တယ်။ အခု တက္ကသိုလ် တတိယနှစ် ရောက်တော့ အရှင်ဘုရားရဲ့ ပညာရေး ထက် အရှင်ဘုရားရဲ့ ရဟန်းဘဝ ကို အရမ်းလေးစားအားကျမိတယ်။ လိုလည်း လိုချင်မိတယ်။

မကွယ်ဝှက်တမ်း ကိုယ့်အားနည်းချက်ကို ပြောရရင် တကယ် တော့ တပည့်တော် ဟာ စိတ်ဓာတ်ပျော့ညံ့သူ တစ်ယောက် ပါ။ သံယောဇဉ် အစွဲအလမ်းလည်း ကြီးတယ်။ သူငယ်ချင်းအပေါင်းအသင်းလည်း အရမ်း ခင်တယ်။ အဲဒီ တော့ ကိုယ်က အချစ်ကြီးရင် ကြီးသလောက် ရိုက်ခတ် လာတဲ့ ခံစားမှု ကလည်း ပြင်းပါတယ်။ ကိုယ်ချစ်တဲ့ သူငယ်ချင်းနဲ့ ကွဲကွာနေတဲ့အချိန်မှာ တွေ့ချင်မြင်ချင်တဲ့ ခံစားမှု ဟာ အလွန်ဆိုးပါတယ်။

အရှင်ဘုရားရဲ့ စာအုပ်တွေ ဖတ်ပြီးချိန်မှာ တော့ အရမ်းကို စိတ်ဓာတ်ခွန်အားတွေ တိုးပွားလာပါတယ်။ ' တစ်ယောက် တည်းနေ တစ်စိတ် တည်းထား'၊ 'မသေခင်ဘာလုပ်ကြမလဲ'၊ 'လမ်းခွဲတာ ဝမ်းနည်းစရာလား' စတဲ့ စာအုပ်တွေ ဟာ တပည့်တော် အတွက် ရေး ပေးထားသလိုပါပဲ။ အရမ်းကို ကြိုက်ပါတယ်။

စာအုပ်ဖတ်နေချိန်မှာ စိတ်အေးချမ်းသလို ဖတ်ပြီး ကျင့်ချိန်မှာ လည်း စိတ်ငြိမ်းချမ်းပါတယ်။ 'အတွဲ မှန်သမျှ အကွဲရဲ့ လမ်းစပါပဲ'၊ 'အကွဲ ဒုက္ခကို မခံစားချင်ရင် အတွဲ သုခကို မတောင့်တနဲ့ပေါ့'၊ 'ကိုယ်အဖော်နဲ့ မပေါင်းဘဲ စိတ်အဖော်နဲ့ ပေါင်းပါ' စတဲ့ စကားလေးတွေ ကို အရမ်းကြိုက် ပါတယ်။

တပည့်တော် ငယ်ငယ်တုန်းက အိမ်က အချစ်တော် ကြောင်လေး ကားတိုက်သေတုန်းက မျက်ရည်ပေါက်ကြီးငယ် ကျတဲ့အထိ ဝမ်းနည်းမိ ပါတယ်။ တပည့်တော် အခုအချိန်မှာ သူငယ်ချင်းတွေ နဲ့ ရှင်ကွဲ ကွဲနေ သလို ဆယ်တန်းတုန်းက သူငယ်ချင်း တစ်ယောက် စက်ဘီးနဲ့ကား တိုက် လို့ သေကွဲလည်း ကွဲခဲ့ဖူးပါတယ်။ အခု ဆရာတော် ရဲ့ စာအုပ်တွေ ဖတ် ပြီးချိန်မှာ တော့ ဘယ်သူနဲ့ ဘယ်လိုပဲ ကွဲကွဲ ဝမ်းမနည်းတော့ပါဘူး။ အရင်ကထက် စိတ်ဓာတ်တွေ ပိုပြီး ခိုင်မာလာပါပြီ။

အခု အရှင်ဘုရားရဲ့ စာအုပ် တစ်ဆယ့်ကိုးအုပ်စလုံး ဝယ်ထား တယ်။ အရှင်ဘုရားရဲ့ စာအုပ်တွေ ဟာ တပည့်တော် အတွက်တော့ တန်ဖိုး မဖြတ်နိုင်တဲ့ ရတနာတွေ ပါပဲ။ မြတ်စွာ ဘုရားရဲ့ အနတ္တတရားဟာ လူ တိုင်းအတွက် ဖြစ်လို့ အရှင်ဘုရားရဲ့ စာအုပ်တွေ ကိုလည်း လူတိုင်းဖတ် သင့်ပါတယ်။

တချို့ က 'မင်းလို ငယ်ငယ်ရွယ်ရွယ်နဲ့ တရားမလုပ်သင့်ဘူး'လို့ ဆိုပါတယ်။ တစ်နေ့ကွယ် သေနယ်ကို တစ်ရက်ကူးနေတာ၊ မနက်ဖြန် ဆိုတာ အဝေးကြီး, နောင်ဘဝဆိုတာ အနီးလေး ဆိုတာ သူတို့ မသိသေး လို့ နေမှာ ပေါ့နော်။

အခု တပည့်တော် ရတဲ့ မုန့်ဖိုးတွေ ကို အပျော်အပါးအတွက် မသုံးတော့ဘဲ လှူဖို့၊ စာအုပ်ဝယ်ဖို့အတွက်ပဲ သုံးတော့တယ်။ ကိုယ်နဲ့ နီးစပ်ရာ မိတ်ဆွေတွေ ကိုလည်း အရှင်ဘုရားရဲ့ စာအုပ်တွေ ငှား၊ အရှင် ဘုရားရဲ့ အလင်းစကား၊ အလင်းတရားတွေ ကို ဖြန့်ဝေပေးနေပါတယ်။ အရှင်ဘုရားအလိုကျ နေ့စဉ်ထက် နေစဉ် အားထုတ် ဖြစ်ဖို့လည်း အမြဲကြိုး စားနေပါတယ်။

လူတိုင်းလူတိုင်း စိတ်ဓာတ်အရည်အသွေး မြင့်မားလာအောင်၊ နောက်ဆုံး နိဗ္ဗာန်အထိရောက်အောင် ပို့ပေးနိုင်တဲ့ တရားစာအုပ်တွေ ၊ ဒီစာအုပ်တွေ ကို ရေး ထုတ်ပေးနေတဲ့ အရှင်ဘုရားကို လွန်စွာ မှ ကျေးဇူး တင်ပါတယ်။ နောက်နောင် အရှင်ဘုရားရဲ့ သာသနာပြုလုပ်ငန်းတွေ ဒီထက်မက တိုးတက်ပါစေလို့ ဆုတောင်းပါတယ်။

အရှင်ဘုရားရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေ ကို အစဉ်လေးစားလျက်

. . .

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

မောင်ဟန်လင်းဦး

(၁၈)၊ မြင့်မိုရ်လမ်း၊ စမ်းချောင်းမြို့ နယ်။

******

ဒကာဟန်လင်းဦးရေ . . .

သံယောဇဉ်ဆိုတာ ပူလောင်ပေမယ့် အဲဒီ ပူလောင်မှု ကို သေချာ သတိပြုပြီး ဉာဏ်နဲ့ ဆင်ခြင်သုံးသပ်တတ်မယ်ဆိုရင်တော့ သံယောဇဉ် ကြီးလေ၊ သံဝေဂ ပိုရလေ ဖြစ်နိုင်ပါတယ်။

သံယောဇဉ်ရဲ့ အပြစ်ကို မြင်မှ သံယောဇဉ်နှောင်ကြိုး တွေ ကို ဖြတ်တောက်ဖျက်ဆီးပစ်နိုင်မှာ မဟုတ်လား။

အရင်တုန်းက ဦးဇင်းလည်း သံယောဇဉ် သိပ်ကြီးခဲ့ဖူးတာပေါ့။ ခြောက်နှစ်သားအရွယ်တုန်းက သုံးလေးအိမ်ကျော်လောက်က အိမ်တစ် အိမ်ကို အကြောင်းကိစ္စရှိလို့ ခေတ္တခဏ သွားတဲ့ အမေကို တော် တော် နဲ့ အိမ်ပြန်မလာလို့ အလွမ်းကြီးလွမ်းပြီး ဝမ်းနည်းဆို့နင့်ခဲ့ဖူးတာ အခုထိ မှတ်မိနေပါသေးတယ်။

ကျောင်းသားဘဝတုန်းက ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းမှာ သုံးနှစ် ဆက်တိုက် လူရည်ချွန် ရွေးချယ်ခံခဲ့ရဖူးပါတယ်။ နွေရာသီ သင်္ကြန် ပြီးပြီဆိုရင် အရက်နှစ် ဆယ်လောက် လူရည်ချွန်စခန်းကနေ အပန်းဖြေ လေ့လာရေး ခရီး ထွက်ခဲ့ရတာ ပေါ့။

ရှစ်တန်းနှစ် က အင်းလေးခေါင်တိုင်၊ ကိုးတန်းနှစ် က ငပလီ၊ ဆယ်တန်းနှစ် က

မော်လမြိုင်စက်စဲ၊ ဒါတွေ က နယ်လူရည်ချွန်စခန်းတွေ ၊ နယ်စခန်း ဆယ်ရက်ပြီးရင် ရန်ကုန်စုပေါင်းစခန်းမှာ ဆယ်ရက်လောက် ထပ်ဆက်တော့ အရက်နှစ် ဆယ်နီးပါး တကယ့်ကို ပျော်စရာကြီးပါပဲ။

တစ်နိုင်ငံလုံးက ထိပ်ထိပ်ကြဲ ဘက်စုံထူးချွန်သူတွေ ချည်းပဲ တစ်စုတစ်ဝေး နေထိုင်သွားလာခဲ့ကြရတာ ဆိုတော့ တစ်ယောက် နဲ့တစ် ယောက် ညီအစ်ကိုအရင်း၊ မောင်နှမအရင်းတွေ လို သိပ်ကို ချစ်ခဲ့၊ သိပ်ကို သံယောဇဉ်ကြီးခဲ့ကြတယ်လေ။

လူရည်ချွန်စခန်းကအပြန် ကိုယ့်နေရပ်ပြန်ရောက်တဲ့အခါမှာ တော့ တစ်လလောက် နေမထိ ထိုင်မသာ ဖြစ်ခဲ့ရတယ်။ ဦးဇင်းတစ် ယောက် တည်းလားဆိုတော့ မဟုတ်ပါဘူး။ လူရည်ချွန်တိုင်းလိုလိုပါပဲ။ ခွဲခွာပြီး တစ်လအတွင် းတော့ တစ်ယောက် နဲ့ တစ်ယောက် စာရေး လိုက်၊ စာပြန်လိုက်ပေါ့။ တစ်နေ့တစ်နေ့ စာပို့သမား မျှော်ရတာ လည်း အမောပါ ပဲ။

ရှစ်တန်းနှစ် လူရည်ချွန်စခန်းက အပြန်တုန်းကဆို လွမ်းရတဲ့ ဝေဒနာကို မခံစားနိုင်လို့ 'တော် ပြီ၊ နောက်နှစ် လူရည်ချွန်ရအောင် မလုပ် တော့ဘူး' လို့တောင် ဆုံးဖြတ်လိုက်မိသေးတယ်။

နောက်တော့လည်း မေ့မေ့ပျောက်ပျောက် ပြန် ဖြစ်သွားပြီး လူရည် ချွန်စာမေးပွဲ ထပ်ဖြေ ဖြစ်ပြန်တာပါပဲ။ စာတွေ ကျက်လိုက်၊ သင်တန်းတွေ တက်လိုက်၊ အထွေထွေဗဟုသုတ မှတ်သားလိုက်၊ အားကစားလေ့ကျင့် လိုက်နဲ့ ဒုက္ခတောမှာ ပျော်မောမိရပြန်တယ်လေ။

သိသိသာသာ ခံစားနေရတဲ့ အချိန်မှာ သာ အပြစ်မြင် သံဝေဂ ရပြီး ခံစားချက် မထင်ရှားတော့တဲ့အချိန်မှာ မေ့မေ့ပျောက်ပျောက် ဖြစ် သွားမယ် ဆိုရင်တော့ အဲဒီ သံဝေဂဟာ ခိုင်မြဲတဲ့ သံဝေဂ မ ဖြစ်နိုင်ပါဘူး။ သံဝေဂ မခိုင်မြဲရင် ကိုယ့်စိတ်ဓာတ်နဲ့ ကိုယ့်ဘဝလည်း ကောင်းမြတ်ရာ၊ လွတ်မြောက်ရာဘက်အထိ ရင့်ကျက်ပြောင်းလဲ မသွားနိုင်ပါဘူး။

ကိုယ်ကိုယ်တိုင် ထိထိမိမိ လက်တွေ့ခံစားခဲ့ရဖူးတဲ့ 'သံယောဇဉ် ရဲ့

နောက်ဆက်တွဲ ဝေဒနာ' တွေ ကို ဥာဏ်ယှဉ်ပြီး လိုအပ်သလို သတိရ နေမယ်ဆိုရင် သံယောဇဉ်မီးတောက်တွေ နဲ့ ဝေးရာ မေတ္တာစမ်းအိုင်၊ တရားဓမ္မစမ်းအိုင်မှာ အေးချမ်းစွာ နားနေခွင့်ရမှာ အမှန်ပါပဲ ဒကာ ဟန်လင်းဦးရေ . . .။

မုန့်ဖိုးတွေ စုပြီး တရားစာအုပ် ဝယ်တယ်ဆိုလို့ ချီးကျူး မိပါ တယ်။ တချို့ က ကွဲကောသီးတစ်လုံးကို ကိုးရာတစ်ထောင်ပေးပြီး ဝယ် စားရမှာ မနမြောပေမယ့် တရားစာအုပ်တစ်အုပ်ကို လေးငါးခြောက်ရာပေး ပြီး ဝယ်ဖတ်ရမှာ ကျတော့ အရမ်းနမြောတတ်ကြတယ်လေ။

စက္ကူအရည်အသွေး၊ အပြင်အဆင်အရည်အသွေးတွေ ကို လုံးဝ ထည့်မစဉ်းစားဘဲ 'ဈေးကြီးတယ်၊ ဈေးကြီးတယ်' အော်နေသူတွေ အနေနဲ့ ကတော့ ဘယ်လောက်ပဲ ဈေးနှုန်းချိုသာအောင် လုပ်ပေးလုပ်ပေး စိတ် ကျေနပ်မှု ရမှာ မဟုတ်ပါဘူး။

ရွှေပါရမီစာအုပ်တွေ ကို အရည်အသွေးအကောင်းဆုံးနဲ့ ဈေးနှုန်း အချိုသာဆုံး ဖြစ်အောင် ထုတ်လုပ်ပေးနေတာကို စာအုပ်အကြော နား လည်သူတိုင်း သဘောပေါက်ကြပါတယ်။ စာအုပ်တွေ ရေရှည်လည်ပတ် နိုင်အောင်လို့သာ သင့်တော် တဲ့ ဈေးနှုန်း သတ်မှတ်ထားရပေမယ့် တကယ် တော့ ဓမ္မဒါန - တရားအလှူသက်သက်ပါ။ စီးပွားရေး လုံးဝ မပါပါ ဘူး ဒကာဟန်လင်းဦးရေ . . .။

ဒကာဟန်လင်းဦးရဲ့ ဘဝ ထာဝရအေးချမ်းပါစေ။

မေတ္တာဖြင့်

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

******

# အနှစ် ကျန်အောင်နေမယ့်သူ

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)ဆရာတော် ဘုရား။

တပည့်တော် ရှိသေစွာ စာရေး လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော် ဘုရားကို တပည့်တော် ကိုယ်တိုင် တွေ့မြင်ဖူးမျော် ဖူးခြင်း မရှိပါသော်လည်း တပည့်တော် ရဲ့ စိတ်မှာ အားကျလေးစားကြည် ညိုမိပါသည်ဘုရား။ ဘာကြောင့် လဲဆိုတော့ ဆရာတော် ရဲ့ စာအုပ်တွေ ကို ဖတ်ရှုရခြင်းကြောင့် ဖြစ်ပါတယ်။

ဖတ်ရှုရသည်မှာ လည်း ကိုယ်တိုင် ဝယ်ထားနိုင်ခြင်းကြောင့် မဟုတ်ပါ။ တပည့်တော် ရဲ့ ဆရာရင်း တစ်ယောက် ဆီမှ ငှားယူ ဖတ်ရှုရ ခြင်း ဖြစ်ပါသည်။ ဘယ်သို့ ပင် ဖတ်ရှုရခြင်း ဖြစ်စေကာမူ ဆရာတော် ရဲ့ စာအုပ်အတော် များများ ကို သဘောကျနှစ် ခြိုက်မိပါသည်ဘုရား။

ယခုတပည့်တော် အသက်(၁၈)နှစ် ရှိပါပြီ။ ပညာအရည်အချင်း ကတော့ ဒသမတန်းကို ဒုတိယနှစ် မှ အောင်မြင်ပြီးမြောက်ပါသည်။ အရှင် ဘုရားရဲ့ ပညာရေး အကျဉ်းကို စာအုပ်တိုင်းမှာ တွေ့ရတော့ ဂုဏ်ယူဝမ်း မြောက်မိပါသည်။ အရှင်ဘုရား အခုလို သာသနာ့အကျိုး ဆောင်ရွက် သယ်ပိုးနေတာတွေ့ရတော့ ကြည်ညိုသဒ္ဓါပွားမိပါသည်။

ဆရာတော် ဘုရား ဓမ္မစာအုပ်တွေ ထုတ်ဝေဖြန့်ချိပေးနေသည့် အတွက် အရမ်းကို ဝမ်းသာပီတိ ဖြစ်မိပါသည်။ ဘာအတွက်ကြောင့် လဲ ဆိုတော့ ဆရာတော် ရဲ့ စာအုပ်တွေ ကို လူငယ်လူကြီးတွေ ရဲ့ လက်ဝယ်မှာ အစဉ်တွေ့မြင်ရခြင်းကြောင့် ပဲ ဖြစ်ပါတယ်။ အများ အားဖြင့် လူငယ် ကျောင်းသားကျောင်းသူတွေ ရဲ့ လက်ဝယ်မှာ တွေ့ရတာ ကို ပို၍ ဝမ်းသာပါသည်။ တပည့်တော် ရဲ့ အထင်နဲ့အမြင်ကို ပြောရလျှင် အခုလို လူငယ် ကျောင်းသားကျောင်းသူတွေ ဖတ်ရှုနိုင်ခြင်းဟာ သူတို့တစ်တွေ ရဲ့ အနေနဲ့ တော့ တမင်တစေ ဝယ်ယူဖတ်ရှုလိမ့်မည် မဟုတ်ပါ။

တပည့်တော် ရဲ့ အမြင်ကို ပြောရလျှင် တပည့်တော် ဆရာရင်းရဲ့

လူငယ်ကျောင်းသားကျောင်းသူတွေ အပေါ်ထားရှိသည့် မေတ္တာစေတနာ နဲ့ ထပ်တူ ဆရာတော် ရဲ့ တရားဓမ္မ အသိဗဟုသုတတွေ ကို ပြန့်ပွားစေလို သည့် ဆန္ဒသည်လည်း အဓိကပါဝင်လိမ့်မည် ဟု ယုံကြည်ပါသည်။

ဘယ်အတွက်ကြောင့် တပည့်တော် အခုလို ပြောနိုင်သလဲဆို တော့ တပည့်တော် ရဲ့ ဆရာရင်းဟာ ဆရာတော် ရဲ့ ထွက်ရှိသမျှစာအုပ် တိုင်းလိုလို ဝယ်ယူ၍ လက်ဆင့်ကမ်းငှားရမ်းသော နည်းဖြင့် ဓမ္မဒါနပြုနေ ခြင်းကြောင့် ဖြစ်ပါသည်။ ထိုသို့ ငှားရမ်းဖတ်ရှုသူတို့ထဲမှာ တပည့်တော် ကိုယ်တိုင်လည်း ပါဝင်နေပါသည်။

တပည့်တော် ဟာ ရန်ကုန်မှာ အလုပ်လုပ်နေသူတစ်ဦးပါ။ ယခု ကျန်းမာရေး အခြေအနေကြောင့် မွေးရပ်မြေကို ခေတ္တခဏ ပြန်ရောက်ရှိ နေပါသည်။

ယခင်တုန်းကလည်း ဆရာတော် ရဲ့ စာအုပ်ကို တစ်အုပ်စ၊ နှစ် အုပ်စ ဖတ်ဖူးပါသည်။ သို့သော် ယခုကဲ့သို့ အနှစ် သာရ ပြည့်ဝလိမ့် မည် ဟု မထင်မှတ်ခဲ့ပါ။ ယခုအချိန်မှာ တော့ ဆရာတော် ရဲ့ စာအုပ်တွေ ဟာ အလွန်အနှစ် သာရရှိတယ်ဆိုတာ ကိုယ်တိုင် တွေ့ ရှိခံစားခဲ့ရပါပြီ။

တပည့်တော် ဖတ်ဖူးတဲ့စာအုပ်တွေ က 'ကြာလိုလူ'၊ 'မြင့်မြတ်သူ တို့၏ စံအိမ်'၊ 'အလင်းစေတမန်'၊ 'အချစ်ကံခေပေမယ့် အနှစ် ကျန်စေရ မယ်'၊ 'လမ်းခွဲတာဝမ်းနည်းစရာလား' အစရှိတဲ့ စာအုပ်တွေ ပဲ ဖြစ်ပါတယ်။ အဲဒီ စာအုပ်တွေ ထဲမှာ 'အချစ်ကံခေပေမယ့် အနှစ် ကျန်စေရမယ်' ဆိုတဲ့ ခေါင်းစဉ်ကို တော် တော် လေး သဘောကျမိပါတယ်။ တပည့်တော် ရဲ့ ဘဝနဲ့လည်း တိုက်ဆိုင်နေတဲ့ အကြောင်းအချက်ကြောင့် ပါပဲ။

လူငယ်အချို့ ကို ဒီစာအုပ်ပေးဖတ်တိုင်း ခေါင်းစဉ်ကို မြင်တာနဲ့ လန့်နေကြတယ်။ အချစ်ကံခေမှာ ကို သူတို့ ကြောက်နေလေရဲ့ ။ ဒါပေမဲ့ သူတို့တွေ ဖတ်ကြပါတယ်။

တပည့်တော် ကတော့ ထိုစာအုပ်ခေါင်းစဉ်အတိုင်း အချစ်ကံခေ ပေမယ့် တပည့်တော် ရဲ့ ဘဝကို အနှစ် ကျန်အောင် နေထိုင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

တပည့်တော် အနေနဲ့ ယခုထွက်ရှိတဲ့စာအုပ်တွေ ကို ဖတ်ရှုနေသလို နောင်ထွက်ရှိမယ့်စာအုပ်တွေ ကိုလည်း ဖတ်ရှုသွားမှာ ပါ။

ဆရာတော် ရဲ့ စာအုပ်တွေ ကို ဖတ်ရှုခွင့်ရသကဲ့သို့ ဆရာတော် ရဲ့ တရားခွေကိုလည်း နာချင်ပါသေးတယ်။ တိပ်ခွေဝယ်ယူရရှိနိုင်တဲ့ နေရာ ကိုလည်း ညွှန်ပြစေလိုပါတယ်။

တပည့်တော် ဟာ ဆရာတော် ရဲ့ စာအုပ်တွေ ဖတ်ရှုခွင့်ရတဲ့ အတွက် စာတွေ ့တော့ ရှိနေပါပြီဘုရား။ ဒါပေမဲ့ လက်တွေ ့တော့ မလုပ် ဖြစ်သေးပါဘူးဘုရား။ အဲဒါ နည်းလမ်းကောင်းများ ရှိရင် လမ်းညွှန်စေလို ပါသည် ဆရာတော် ဘုရား။

ခုလို တပည့်တော် စာရေး ဆက်သွယ်မိလို့ ဆရာတော် ရဲ့ စာပေ ရေး သားမှု ၊ တရားအားထုတ်မှု မှာ အနှောင့်အယှက် ဖြစ်ခဲ့ရင် ခွင့်လွှတ် သည်းခံတော် မူပါဘုရား။ ဆရာတော် ဘုရား တပည့်တော် ဆီ စာရေး ဆက်သွယ်လျှင် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည် ဘုရား။

ဆရာတော် ၏ ဓမ္မစာပေများ ကို ဖတ်ရှုနေသည့်

တပည့်ဒကာလေး

ကိုသက်(ခ)သက်နိုင်

အိုအေစစ်အအေးဆိုင်၊ မင်္ဂလာတောင်ညွှန့်မြို့ နယ်။

******

ဒကာသက်နိုင်ရေ . . .

'အချစ်ကံခေပေမယ့် အနှစ် ကျန်စေရမယ်' စာအုပ်ထွက်လာ တော့ တချို့ က

ခေါင်းစဉ်, ကလက်တယ်လို့ ဝေဖန်ကြပါတယ်။ အပေါ် ယံ အသံထွက်ကလေးကို ကြည့်ပြီး လွယ်လွယ်ဝေဖန်ကြတာပေါ့။ စကား စုရဲ့ နောက်ကွယ်မှာ ရှိတဲ့ အတွင် းအနှစ် သာရကို လေးလေးနက်နက် သဘောမပေါက်လို့ ပေါ့ပေါ့တန်တန် ဝေဖန်တာ ဆန်းတော့ မဆန်းပါ ဘူး။

အပေါ်ယံ မကြည့်ဘဲ အတွင် းထိ ကြည့်တတ်တဲ့သူတွေ အတွက် တော့ ခေါင်းစဉ်စာသားကိုက ဆင်ခြင်စရာ ဘဝအဘိဓမ္မာ၊ ကျင့်သုံးစရာ ဘဝဆောင်ပုဒ် ဖြစ်သွားတော့တာပါပဲ။

အခု ဒကာသက်နိုင်ကိုယ်တိုင် 'အချစ်ကံ ဘယ်လောက်ခေခေ အနှစ် ကျန်အောင် ငါနေမယ်' လို့ ဆုံးဖြတ်လိုက်ပြီ မဟုတ်လား။ ဒါဟာ ကလက်ပါတယ်လို့ မကြိုက်သူတွေ ဝေဖန်တဲ့ ခေါင်းစဉ်စာသားရဲ့ လေး နက်တဲ့ အကျိုး သက်ရောက်မှု စွမ်းအားတစ်ခုပဲပေါ့။

လူတွေ ဖတ်ဖို့ ရေး တဲ့စာထဲမှာ လူတွေ ရဲ့ လက်တွေ့ဘဝထဲက ခံစားချက်စကားလုံးတွေ ကို ထည့်မသုံးဖို့ဆိုတာ လုံးဝ မ ဖြစ်နိုင်ပါဘူး။ ဖြစ်အောင် လုပ်ခဲ့ရင်လည်း စာနဲ့ဘဝ အလှမ်းကွာသွားတဲ့အတွက် စာထဲ က တရားတွေ စာဖတ်သူရဲ့ ရင်ထဲ၊ စာဖတ်သူရဲ့ ဘဝထဲကို စွဲစွဲထင်ထင် မဝင်ရောက်နိုင်တော့ပါဘူး။ ဒါဆိုရင် စာရေး တာ ဘာအကျိုး ရှိတော့မှာ လဲ။

ဘယ်သူတွေ ဘယ်လိုပဲ ဝေဖန်ဝေဖန်၊ ခံစားချက်နဲ့ တိုက်ဆိုင် သူတွေ ရဲ့ ရင်ထဲကို တရားဓမ္မ ဝင်ရောက်သွားဖို့အတွက် ခံစားချက်နဲ့ တစ်သားတည်းကျတဲ့ စကားလုံးတွေ ကို လိုအပ်သလို သုံးနှုန်းသွားရမှာ ကတော့ ဦးဇင်းရဲ့ မကျေမ ဖြစ်တဲ့ စာပေတာဝန်တစ်ခုပါပဲ။

အချစ်ကံမခေတဲ့သူအတွက် 'အချစ်ကံခေပေမယ့်' ဆိုတဲ့ စကား စုက ပေါ့ပျက်သလို ထင်ရပေမယ့် အချစ်ကံခေတဲ့သူအတွက်တော့ ခံစား ချက်နဲ့ တိုက်ဆိုင်တဲ့အတွက် ထူးထူးခြားခြား စိတ်ဝင်စားစရာ ဖြစ် သွားပါ တယ်။ 'အနှစ် ကျန်စေရမယ်' လို့ နဘေထပ်စကားလေး ဆက်လိုက်တော့ ဘဝမှာ ငါဘာဆက်လုပ်

ရမလဲဆိုတဲ့ အသိဉာဏ်နဲ့ စိတ်ဓာတ်အင်အား အပြည့်အဝ ရရှိ သွားပါတယ်။ ဒကာသက်နိုင် လက်တွေ့ ပဲ မဟုတ်လား။

'အမျက်ပါရင် နှစ် ဖက်နာမယ်' ဆိုတဲ့ နဘေထပ်စကားစုလေး တစ်ခုလည်း 'ငြိမ်းအေးသော ဘဝပိုင်ရှင်' စာအုပ်မှာ ဦးဇင်းရေး ခဲ့ဖူးပါ တယ်။ နဘေထပ် အသုံးအနှုန်းတွေကို ကလက်တယ်၊ ပေါ့ပျက်တယ် လို့ တချို့ က ဝေဖန်ကဲ့ရဲ့ ကြပေမယ့် မိသားစုတစ်ခုမှာတော့ ကိုယ်ကိုယ် တိုင် ဒေါသ ဖြစ်ရင်လည်း ဒီစကားစုလေး နှလုံးသွင်းသလို မိသားစုဝင် တစ်ယောက် ယောက် ဒေါသ ဖြစ်တိုင်းလည်း ဒီစကားစုလေးနဲ့ အပြန် အလှန် သတိပေးကြတယ်ဆိုပဲ။

မိသားစုတစ်ခု ကတော့ 'အဆာမပြေသမျှ တာရှည်ရမယ့် ဆင်းရဲတွေ ' ဆိုတဲ့ ဦးဇင်းရဲ့ နဘေထပ်စကားစုလေးကို တဏှာကြောင့် ဒုက္ခ ဖြစ်ရတာ ကို ဆင်ခြင်မိတိုင်း မကြာမကြာ ရေရွတ်မိကြတယ်လို့ ဆို ပါတယ်။

ဦးဇင်းရေး တဲ့ နဘေထပ် ဓမ္မစကားစုလေးတွေ အများ ကြီးရှိပါ တယ်။ စကားစုတိုင်းဟာ အနည်းဆုံး လူ တစ်ယောက် အတွက်တော့ ထူး ထူးခြားခြား အကျိုး ရှိသွားတာချည်းပါပဲ။ နဘေကာရန်ကိုက်ရင် ပြီးရော လုပ်ထားတာမှ မဟုတ်ဘဲ၊ တရားသဘောအနှစ် သာရတွေ အပြည့်အဝပါ အောင် ကျစ်ကျစ်လျစ်လျစ် လုပ်ထားတာလေ။ နဘေထပ်ဆိုတော့ အသေ မှတ်ဖို့ လွယ်သွားတာပေါ့။

စကားလုံးတစ်လုံး၊ စကားစုတစ်စုဟာ လူ တစ်ယောက် အတွက် ကလက်တယ်၊ ပေါ့ပျက်တယ် လို့ အပေါ်ယံဝေဖန်ရုံနဲ့ ပြီးသွားပေမယ့် တခြားလူ တစ်ယောက် အတွက်တော့ စိတ်ဓာတ်နဲ့ ဘဝကို အကြီးအကျယ် ပြောင်းလဲသွားစေနိုင်တယ်ဆိုရင် အဲဒီ စကားလုံး၊ အဲဒီ စကားစုကို သုံးနှုန်း သင့်တယ်၊ ရေး သားသင့်တယ်လို့ပဲ ဦးဇင်း ယူဆပါတယ်။

တရားတိပ်ခွေ ရနိုင်တဲ့ နေရာကိုတော့ စာအုပ်တိုင်းနီးပါးရဲ့ နောက်ဆုံးမှာ ထည့်သွင်းပေးထားပါတယ်။ တရားအားထုတ်နည်းက လည်း စာအုပ်တိုင်းမှာ သူ့နေရာနဲ့သူ လိုအပ်သလို ပါနေတဲ့အတွက် အထူးပြောပြစရာ မလိုတော့ပါဘူး။

စာနဲ့အတူ ပူးတွဲ ပါလာတဲ့ မေးခွန်းတွေ ကိုတော့ အလျဉ်းသင့်တဲ့ အခါ ဘာသာရေး အမေးအဖြေဆောင်းပါးတွေ မှာ သီးခြားဖြေပေးပါ့မယ်။

ဒကာသက်နိုင်ရဲ့ ဘဝ ထာဝရအေးချမ်းပါစေ။

မေတ္တာဖြင့်

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

******